# အထူးကာလစည်းကမ်းသတ် ဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၉/၈၈ )

၁၃၅၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

( ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာ ၇ ရက် )

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အထူးကာလစည်းကမ်းသတ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တရားရုံးများသည် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၄ ၏ အနက်အဓိပ္ပာယ်အရ ၁၉၈၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ပိတ်ထားသည်ဟု မှတ်ယူရမည်။

## နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ ပြဋ္ဌာန်းခြင်း
## အကျိုးအကြောင်းဖော်ပြချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူများ၏ စားဝတ်နေရေးချောင်လည်စေရန်နှင့် နိုင်ငံတော်စီးပွားရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလျက်ရှိပါသည်။ ယင်းသို့ကြိုးပမ်းရာတွင် ပြည်သူများ၏စွမ်းအား အပြည့်အဝပါ ဝင်လာစေရန်နှင့် လိုအပ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို နှစ်ဘက်အကျိုးတူမျှတစွာ ပါဝင်လာစေရန်ကိုပါ ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ ကြွယ်ဝသော သယံဇာတပစ္စည်းများကို ဖော်ထုတ်၍ ပြည်သူများလောက်ငစွာသုံးစွဲခံစားနိုင်ကြရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့တင်ပို့ရောင်းချနိုင်စေရန်၊ လုပ်ငန်းများတိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များ ပေါ်ပေါက်ပေါများလာစေရန်၊ အထူးသဖြင့် လူငယ်များအဖို့လည်း အလုပ်အကိုင်ရရှိမည့်အပြင် ကျွမ်းကျင်မှုသင်တန်းများကို ပြည်တွင်းပြည်ပတို့၌ တက်ရောက်ခွင့်ရရှိစေရန် နိုင်ငံတော်ဒေသ အသီးသီးဖွံ့ဖြိုးတိုးတက်စေရန်၊ ယင်းသို့တိုးတက်အောင် ဆောင်ရွက်ရင်း လမ်းပန်းအဆက်အသွယ်များပါတိုးချဲ့ပေးနိုင်ရန် စသည်တို့ကိုလည်း အစိုးရက ရည်မှန်းပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ပြည်တွင်း၊ ပြည်ပ စီးပွားရေးအဖွဲ့အစည်းတို့က သင့်မြတ်သလိုပူးပေါင်းလုပ်ဆောင်ကြရာတွင် နိုင်ငံခြား၊ ရင်းနှီးမြှုပ်နှံသူတို့ အတွက်လည်း ထိုက်သင့်သောအကျိုးအမြတ်ရရှိခွင့်နှင့် ယင်းတို့ကို နိုင်ငံခြားသို့ပို့ခွင့်၊ လုပ်ငန်းပြီးဆုံးသောအခါ ပြန်လည်ယူဆောင်ခွင့် လုပ်ငန်းလုပ်ကိုင်နေကြစဉ် ပြည်သူပိုင်ပြုလုပ်ခြင်းမပြုဟု အာမခံချက် ရရှိခွင့်တို့ကိုလည်း နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားနှင့် ကိုက်ညီစွာ ရရှိနိုင်ကြမည်ဖြစ်ပါသည်။

ယခုအခါတွင် နိုင်ငံတော်တွင် သင့်လျော်သောနည်းဖြင့် ရင်းနှီးမြှုပ်နှံလိုသော နိုင်ငံခြားကုမ္ပဏီများ၊ ပုဂ္ဂိုလ်များ အထူးစိတ်ဝင်စားစွာ လေ့လာစုံစမ်းလျက်ရှိကြပါသည်။ အလားတူပင်နိုင်ငံသားများကလည်း စုံစမ်းဆက်သွယ်လျက်ရှိကြပါသည်။ ယင်းတို့ လုပ်ကိုင်နိုင်သောလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ကိုင်ခွင့်တောင်းခံခြင်းတို့ကို စိစစ်ခွင့်ပြုရန်နှင့် လုပ်ငန်းများနှင့်

ပတ်သက်သော ကိစ္စအဝဝတို့ကို ညှိနှိုင်းတာဝန်ယူဆောင်ရွက်ပေးနိုင်သော အဆင့်မြင့်ကော်မရှင်တစ်ရပ်ကိုလည်း ဖွဲ့စည်းပေးရန် လိုလာပါသည်။

အထက်ဖော်ပြပါ ကိစ္စအဝဝတို့ကို ဥပဒေဖြင့် အခိုင်အမာပြဋ္ဌာန်းပေးရန် လိုသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းလိုက်ပါသည်။